ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၄၄ /၂၀၂၄
၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

## အခွန်ဥပဒေတစ်ရပ်ရပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် အရေးယူခြင်းဆိုင်ရာ ညွှန်ကြားချက်များ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်ဥပဒေတစ်ရပ်ရပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် ဥပဒေကြောင်းအရ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက်ရာတွင် တစ်ပြေးညီဖြစ်စေရန် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၆ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက် ကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### ရဲအရေးယူပိုင်ခွင့်ရှိသောအမှုနှင့် ရဲအရေးယူပိုင်ခွင့်မရှိသောအမှု ခွဲခြားဆောင်ရွက်ခြင်း

၁။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ သည် ရဲအရေးယူပိုင်ခွင့်ရှိသော အမှုဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၇၈ နှင့် ပုဒ်မ ၈၀ တို့သည် ရဲအရေးယူပိုင်ခွင့်မရှိသောအမှုများဖြစ်၍ သက်ဆိုင်ရာပြစ်မှုအလိုက် အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဤညွှန်ကြားချက်ဖြင့် ခွဲခြားဆောင်ရွက်ရမည်။

### ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများအတွက် အသိပေးအကြောင်းကြားစာ ထုတ်ဆင့်ခြင်း

၂။ မည်သူမဆို အခွန်စည်းကြပ်မှုပြုခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကို သိလျက်နှင့် တမင်ရှောင်တိမ်းခြင်း သို့မဟုတ် ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေကို ရရှိရန် သိလျက်နှင့် တမင်ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုလျှင် အခွန်ရှောင်တိမ်းခြင်း(Tax Evasion) ဖြစ်သည်ဟု မှတ်ယူပြီး အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ တရားစွဲဆိုခံရမည်ဖြစ်သည်။

၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အပိုဒ် ၂ ပါ အခွန်ရှောင်တိမ်းခြင်းနှင့် စပ်လျဉ်း၍ အခွန်ကောက်ခံခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းမှဖြစ်စေ၊ ရရှိထားသည့်သတင်းအချက်အလက်များအရ ဖြစ်စေ၊ အခွန်ထမ်းတင်ပြသောအချက်အလက်များအား စိစစ်ခြင်းမှဖြစ်စေ တွေ့ရှိပါက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ရက်အတွင်း အပြည့်အစုံထုတ်ဖော်စေရန် နောက်ဆက်တွဲ(က)ပါ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ အခွန်ရှောင်တိမ်းခြင်းအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရန် အကြောင်းကြားစာပုံစံဖြင့် သက်ဆိုင်ရာအခွန်ထမ်းထံ ပေးပို့ရမည်။

၄။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အပိုဒ် ၃ အရ သတ်မှတ်သည့်ရက်အတွင်း အခွန်ထမ်းက ထုတ်ဖော်နိုင်ခြင်းမရှိသည့်အတွက် တင်ပြရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေး

ရန် နောက်ဆက်တွဲ(ခ)ပါ လျှောက်လွှာပုံစံဖြင့် လျှောက်ထားပါက အောက်ပါအချက်အလက် တစ်ရပ်ရပ်နှင့် ညီညွတ်မှုရှိလျှင် ၁၅ ရက် ထပ်မံတိုးမြှင့်ပေးနိုင်သည် -

(က) ဘဏ္ဍာရေးရှင်းတမ်းများ ပြန်လည်စိစစ်ရေးဆွဲခြင်း (ဥပမာ- ဝင်ငွေ၊ ရငွေ၊ ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ၊ စရိတ်၊ ဘဏ်စာရင်းဖွင့်လှစ်ထားရှိမှု)၊

( ခ ) အခွန်ပေးသွင်းခဲ့မှုအထောက်အထားများ စိစစ်ခြင်း(ဥပမာ-ကြိုတင်ခွန်များ၊ ပေးဆောင်ခဲ့ရသည့်အခွန်၊ ပေးဆောင်ရမည့်အခွန်၊ ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန် (Withholding Tax)၊ တံဆိပ်ခေါင်းခွန်)၊

( ဂ ) ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၇ အရ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူနှင့်အရာထမ်းများ သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၄၁ အရ ကိုယ်စားပြုသူများက ပြည်ပခရီးစဉ်သွားရောက်ခြင်း သို့မဟုတ် ပြည်ပတွင် ဆေးကုသခြင်း၊ ပြည်တွင်း၌ နာမကျန်း၍ ဆေးကုသမှုခံယူခြင်း၊

(ဃ) သတ်မှတ်ရက် တိုးမြှင့်ပေးနိုင်သည့် အခြားခိုင်လုံသော အချက်အလက် တင်ပြခြင်း။

၅။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အခွန်ထမ်း၏တင်ပြလျှောက်ထားချက်ကို ခွင့်ပြုပါက သတ်မှတ်ရက်တိုးမြှင့်ပေးခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် သတ်မှတ်ရက် တိုးမြှင့်ပေးခြင်းကို ငြင်းပယ်ကြောင်း နောက်ဆက်တွဲ(ဂ)ပါ အကြောင်းကြားစာပုံစံဖြင့် သက်ဆိုင်ရာ အခွန်ထမ်းထံ ပြန်ကြားရမည်။ အပိုဒ် ၄ အရ သတ်မှတ်ရက် ထပ်မံတိုးမြှင့်ပေးခြင်းကို တစ်ကြိမ်သာ ခွင့်ပြုရမည်။

၆။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် သတ်မှတ်သည့် ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးထားသည့် ရက်အတွင်း အခွန်ထမ်းက ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အပြည့်အစုံထုတ်ဖော်ခြင်းမပြုပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ တရားစွဲဆိုခြင်းကို စတင်ဆောင်ရွက်နိုင်ရန် အပိုဒ် ၁၆ နှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက်တောင်းခံရမည်။

**ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများအတွက် အသိပေးအကြောင်းကြားစာ ထုတ်ဆင့်ခြင်း**

၇။ မည်သူမဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မခွဲ(ဂ) အရ လျှို့ဝှက်ကိစ္စဟု မှတ်ယူသည့်ကိစ္စရပ်များကို ထိန်းသိမ်းရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန်ပျက်ကွက်ခြင်းဖြစ်သည်ဟု မှတ်ယူပြီး အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၈၀ အရ တရားစွဲဆိုခံရမည်ဖြစ်သည်။

၈။ မည်သူမဆို အခွန်ဝန်ထမ်းက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အခွန်စီမံအုပ်ချုပ်မှု ဆောင်ရွက်ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန် အားထုတ်ခြင်းပြုလုပ်ကြောင်း တွေ့ရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ(က)ဖြင့် တရားစွဲဆိုခံရမည်ဖြစ်ပြီး အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ(ခ)အရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားသည်ဟု မှတ်ယူရမည် -

(က) ထိန်းသိမ်းထားသည့်စာတမ်းအမှတ်အသားများ၊ မှတ်တမ်းများ သို့မဟုတ် ကိန်းဂဏန်း အချက်အလက်များကို စစ်ဆေးရန် အခွန်ဝန်ထမ်းက ဥပဒေနှင့်အညီ တောင်းခံခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) အခွန်ဝန်ထမ်းရှေ့မှောက်သို့ လာရောက်ရန် ဥပဒေနှင့်အညီ ဆင့်ဆိုမှုအပေါ် လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) လုပ်ငန်းပရဝုဏ် သို့မဟုတ် နေထိုင်ရာနေရာတစ်ခုခုသို့ အခွန်ဝန်ထမ်း၊ ကိုယ်စား လှယ်လွှဲအပ်ခြင်းခံရသူနှင့်အဖွဲ့တို့က ဥပဒေနှင့်အညီ ဝင်ရောက်ခွင့်ကို တားမြစ်ခြင်းနှင့် နှောင့်ယှက်ခြင်း၊

(ဃ) အခွန်စီမံအုပ်ချုပ်မှုကိုဟန့်တားရန်အလို့ငှာ အခွန်ကြေညာလွှာတင်သွင်းရန်ပျက်ကွက်ခြင်း၊

(င) မမှန်ကန်သော သို့မဟုတ် မိမိနှင့်မသက်ဆိုင်သော အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊

(စ) ယင်းဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ(ဂ)မှအပ မမှန်ကန်သော ငွေတောင်းခံလွှာ၊ အရောင်း ပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုကို ထုတ်ပေးခြင်း၊

(ဆ) ယင်းဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ(ဂ)မှအပ အခွန်ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့် အညီ မဟုတ်ဘဲ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို ပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန် ပျက်ကွက်ခြင်း၊

(ဇ) ညွှန်ကြားရေးမှူးချုပ်အား မြေစစ်ဆေးခွင့် သို့မဟုတ် တိုင်းတာခွင့်ပြုရန် ငြင်းဆန်ခြင်း သို့မဟုတ် မြေပုံ၊ ပုံစံ၊ ပိုင်ဆိုင်ကြောင်းပြစာချုပ်၊ အငှားစာချုပ်၊ အခြားစာချုပ်စာတမ်း သို့မဟုတ် အခြားစာတမ်းအမှတ်အသားတို့ကို စစ်ဆေးနိုင်ရေးအတွက် ထုတ်ပေးရန် ငြင်းဆန်ခြင်း၊

(ဈ) အခွန်ကို သတ်မှတ်ဆုံးဖြတ်ခြင်း၊ စည်းကြပ်မှုပြုခြင်း သို့မဟုတ် ကောက်ခံခြင်းကို အခြားတစ်နည်းနည်းဖြင့် ဟန့်တားခြင်း။

၉။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အပိုဒ် ၈ ပါ အခွန်စီမံအုပ်ချုပ်မှုကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန်အားထုတ်ခြင်းနှင့် စပ်လျဉ်း၍ အခွန်ကောက်ခံခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းမှဖြစ်စေ၊ ရရှိထားသည့် သတင်းအချက်အလက်များအရဖြစ်စေ၊ အခွန်ထမ်းတင်ပြသော အချက်အလက်များအား စိစစ်ခြင်းမှဖြစ်စေတွေ့ရှိပါက ထိုပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုအား အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း အပြည့်အစုံ ထုတ်ဖော်စေရန် နောက်ဆက်တွဲ(ဃ)ပါ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ(ခ)အရ အခွန် စီမံအုပ်ချုပ်မှုကိုဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော် ရန် အကြောင်းကြားစာ ပုံစံဖြင့် သက်ဆိုင်ရာ အခွန်ထမ်းထံ ပေးပို့ရမည်။

၁၀။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အပိုဒ် ၉ အရ သတ်မှတ်သည့်ရက် အတွင်း အခွန်ထမ်းက ထုတ်ဖော်နိုင်ခြင်းမရှိသည့်အတွက် တင်ပြရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေး

ရန် နောက်ဆက်တွဲ(င)ပါ လျှောက်လွှာပုံစံဖြင့် လျှောက်ထားလာပါက အောက်ပါအချက်အလက် တစ်ရပ်ရပ်နှင့် ညီညွတ်မှုရှိလျှင် ၁၅ ရက် ထပ်မံတိုးမြှင့်ပေးနိုင်သည်–

(က) စာရင်းအချက်အလက်၊ အထောက်အထားများ မပြည့်စုံခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း (ဥပမာ– ငွေသွင်းချလန်၊ အခွန်အမှတ်တံဆိပ်ထုတ်ယူမှု၊ အခွန်ခုနှိမ်ခွင့်အထောက်အထားများ၊ အခွန်ကင်းရှင်းကြောင်းလက်မှတ်၊ ပို့ကုန်ကြေညာလွှာ သို့မဟုတ် သွင်းကုန်ကြေညာလွှာ(Customs ED/ID))၊

( ခ ) အခွန်ကြေညာလွှာ တင်သွင်းထားသည့်အထောက်အထားများ ပြန်လည်စိစစ်ခြင်း၊

( ဂ ) အခွန်စီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှုအထောက်အထားများ မတင်ပြနိုင်ခြင်း (ဥပမာ –ဂရန်သက်တမ်းတိုးခြင်း၊ ဂရန်အမည်ပြောင်းလျှောက်ထားခြင်း)၊

(ဃ) ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၇ အရ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူနှင့်အရာထမ်းများ သို့မဟုတ် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၄၁ အရ ကိုယ်စားပြုသူများက ပြည်ပခရီးစဉ်သွားရောက်ခြင်း သို့မဟုတ် ပြည်ပတွင် ဆေးကုသခြင်း၊ ပြည်တွင်း၌ နာမကျန်း၍ ဆေးကုသမှုခံယူခြင်း၊

( င ) သတ်မှတ်ရက် တိုးမြှင့်ပေးနိုင်သည့် အခြားခိုင်လုံသော အချက်အလက်တင်ပြခြင်း။

၁၁။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အခွန်ထမ်း၏ တင်ပြလျှောက်ထားချက်ကို ခွင့်ပြုပါက သတ်မှတ်ရက်တိုးမြှင့်ပေးခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် သတ်မှတ်ရက် တိုးမြှင့်ပေးခြင်းကို ငြင်းပယ်ကြောင်း နောက်ဆက်တွဲ(စ)ပါ အကြောင်းကြားစာပုံစံဖြင့် သက်ဆိုင်ရာ အခွန်ထမ်းထံ ပြန်ကြားရမည်။ အပိုဒ် ၁၀ အရ သတ်မှတ်ရက် ထပ်မံတိုးမြှင့်ပေးခြင်းကို တစ်ကြိမ်သာ ခွင့်ပြုပေးရမည်။

၁၂။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် ပျက်ကွက်သူအား အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၀ အရသော်လည်းကောင်း၊ သတ်မှတ်သည့် ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့်ရက်အတွင်း အခွန်ထမ်းက ထုတ်ဖော်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အပြည့်အစုံထုတ်ဖော်ခြင်းမပြုပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ(က) အရ သော်လည်းကောင်း တရားစွဲဆိုခြင်းကို စတင်ဆောင်ရွက်နိုင်ရန် အပိုဒ် ၁၆ နှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက် တောင်းခံရမည်။

## အခန်း (၂)

## တရားမကြောင်းအရ အရေးယူသော အမှုများအတွက် အသိပေးအကြောင်းကြားစာ ထုတ်ဆင့်ခြင်း

၁၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် သတ်မှတ်ထားသောအချိန်အတွင်း ပေးဆောင်ရမည့် အခွန်အားလုံးကို လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း ပေးဆောင်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၅ ပုဒ်မခွဲ(ဂ)အရ သက်ဆိုင်ရာအခွန်ထမ်းအား ပျက်ကွက်သူအဖြစ်လည်းကောင်း၊ ပေးဆောင်ရန်ပျက်ကွက်သည့် အခွန်

ကို မပြေကျန်ငွေအဖြစ်လည်းကောင်း သတ်မှတ်ပြီး ယင်းသို့သတ်မှတ်ကြောင်း နောက်ဆက်တွဲ(ဆ)ပါ အကြောင်းကြားစာပုံစံဖြင့် သက်ဆိုင်ရာအခွန်ထမ်းထံ ပေးပို့ရမည်။

၁၄။ အခွန်အရကောက်ခံသည့်နည်းလမ်းများအနက် မပြေကျန်ငွေအား ပြန်လည်ရရှိစေရန် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(ခ)အရ စီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးတစ်ခုခုတွင် ဥပဒေကြောင်းအရ အရေးယူခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် –

(က) သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အခွန်ထမ်းအား တရားစွဲဆိုနိုင်ရန် အပိုဒ် ၁၅ ပါ အထောက်အထားများ ပူးတွဲလျက် သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် ဌာနမှူး (တာဝန်ခံအရာရှိ) ထံ တင်ပြရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် ဌာနမှူး(တာဝန်ခံအရာရှိ)သည် အပိုဒ်ခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပါက အခွန်ထမ်းအား တရားစွဲဆိုခွင့်ပြုပါရန်နှင့် ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တရားစွဲဆိုခြင်းကို လွှဲအပ်ဆောင်ရွက်ရန် အမည်စာရင်းပြုစုထားသည့် တရားလိုနှင့်သက်သေအမည်စာရင်းတို့ကို ခွင့်ပြုနိုင်ပါရန် ထပ်ဆင့်သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ဂ) အပိုဒ်ခွဲ(ခ)အရ တင်ပြမှုအပေါ် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရရှိလျှင် လွှဲအပ်ခံရသူတရားလိုက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာတရားရုံးတစ်ခုခုတွင်ဥပဒေကြောင်းအရ အရေးယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောက်ဆက်တွဲ(ဇ)ပါ အကြောင်းကြားစာပုံစံ ဖြင့် သက်ဆိုင်ရာအခွန်ထမ်းထံ ပေးပို့ရမည်။

(ဃ) လွှဲအပ်ခံရသူတရားလိုသည် အခွန်ထမ်းအား တရားစွဲဆိုခြင်းမပြုမီ လိုအပ်ပါက သက်ဆိုင်ရာဥပဒေရုံးတွင် ဥပဒေအကြံပြုချက် တောင်းခံနိုင်သည်။

## အခန်း(၃)

## အမှုတွဲတည်ဆောက်ခြင်းနှင့် ခွင့်ပြုချက် တောင်းခံခြင်း

၁၅။ အမှုတွဲတည်ဆောက်ရာတွင် အောက်ပါအချက်အလက်အထောက်အထားများ ပါဝင်ရမည်–

(က) အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊

(ခ) အခွန်ဥပဒေတစ်ရပ်ရပ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းဖြစ်ပါက အခွန်ထမ်းအား အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အကြောင်းကြားအသိပေးထားရှိမှုအစရှိသည့် ကြိုတင်အသိပေးရှင်းလင်းပြီးဖြစ်ကြောင်း အထောက်အထား အပြည့်အစုံ၊

(ဂ) အခွန်ထမ်းအား ပေးပို့ထားသည့် အသိပေးအကြောင်းကြားစာ မိတ္တူများ၊

(ဃ) အခွန်ထမ်းသည် ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းဖြစ်ပါက ကျူးလွန်ကြောင်း သတင်းအချက်အလက် သို့မဟုတ် စိစစ်တွေ့ရှိရသည့်အထောက်အထားအပြည့်အစုံနှင့် သတ်မှတ်ချိန်အတွင်း အပြည့်အစုံထုတ်ဖော်ရန် အကြောင်းကြားစာ ပေးပို့ထားရှိမှု အပေါ် ပျက်ကွက်မှု အထောက်အထားများ၊

( င ) အခွန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် အခွန်ဥပဒေတစ်ရပ်ရပ်ပါ ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုသင့်ကြောင်း လုံလောက်သည့် သက်သေအထောက်အထား အပြည့်အစုံ၊

( စ ) ဆောင်ရွက်ချက်အားလုံးကို နေ့စဉ်မှတ်တမ်းတွင် ရေးသားမှတ်တမ်းတင်ထားရှိမှု အပြည့်အစုံ။

၁၆။ ရဲအရေးယူပိုင်ခွင့်ရှိသော အမှု၊ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းမပြုမီ ခွင့်ပြုချက် ရရှိရေးအတွက် ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် အခွန်ထမ်းအား တရားစွဲဆိုနိုင်ရန် အပိုဒ် ၁၅ ပါ အထောက်အထားများ ပူးတွဲလျက် သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် ဌာနမှူး (တာဝန်ခံအရာရှိ)ထံ တင်ပြရမည်။

( ခ ) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် ဌာနမှူး(တာဝန်ခံအရာရှိ)သည် အပိုဒ်ခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိပါက အခွန်ထမ်းအား တရားစွဲဆိုခွင့်ပြုပါရန်နှင့် ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တရားစွဲဆိုခြင်းကို လွှဲအပ်ဆောင်ရွက်ရန် အမည်စာရင်းပြုစုထားသည့် တရားလိုနှင့်သက်သေ အမည်စာရင်းတို့ကို ခွင့်ပြုနိုင်ပါရန် ထပ်ဆင့်သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

( ဂ ) အပိုဒ်ခွဲ(ခ)အရတင်ပြမှုအပေါ် ညွှန်ကြားရေးမှူးချုပ်၏ခွင့်ပြုချက်ရရှိလျှင် လွှဲအပ်ခံရသူ တရားလိုက သက်ဆိုင်ရာအခွန်ထမ်းအား တရားစွဲဆိုနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

## အခန်း (၄)
## တရားစွဲဆိုခြင်း၊ ကျေအေးခြင်းနှင့် ရုပ်သိမ်းခြင်း

၁၇။ အမှုများကို တရားစွဲဆိုရာတွင် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၆ ပါ ကာလစည်းကမ်းသတ်အတွင်း တရားစွဲဆိုရမည်။

၁၈။ လွှဲအပ်ခံရသူ တရားလိုသည် တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ ရဲအရေးယူပိုင်ခွင့်ရှိသော အမှုဖြစ်ပါက သက်ဆိုင်ရာအခွန်ရုံးတည်ရှိရာ ရဲစခန်းတွင်လည်းကောင်း၊ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုဖြစ်ပါက သက်ဆိုင်ရာအခွန်ရုံးတည်ရှိရာ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတွင်လည်းကောင်း တရားစွဲဆိုခြင်း ဆောင်ရွက်ရမည်။ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြသည့် အမည်စာရင်း၌ ပါဝင်သည့်သက်သေများသည် အဆိုပါအမှုနှင့်စပ်လျဉ်း၍ သက်သေထွက်ဆိုပေးရမည်။

၁၉။ လွှဲအပ်ခံရသူ တရားလိုသည် ရဲအရေးယူပိုင်ခွင့်မရှိသော အမှုတွင် သက်ဆိုင်ရာတရားရုံး၏ အပြီးသတ်အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၃ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီပါက ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် အခွန်ထမ်းအား အမှုမှ ကျေအေးခွင့်ပြုနိုင်ရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားနိုင်သည်။

၂၀။ လွှဲအပ်ခံရသူ တရားလိုသည် ရဲအရေးယူပိုင်ခွင့်ရှိသော အမှုတွင် သက်ဆိုင်ရာတရားရုံး၏ အပြီးသတ်အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၃ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီပါက ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် အခွန်ထမ်းအား အမှုမှ ရုပ်သိမ်းခွင့်ပြုနိုင်ရန် သက်ဆိုင်ရာဥပဒေရုံးသို့ လျှောက်ထားနိုင်သည်။

**တရားစွဲဆိုရမည့် ပုဂ္ဂိုလ်များ**

၂၁။ တရားစွဲဆိုခြင်း ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း စွဲဆိုရမည် -

(က) လက်ရှိလုပ်ငန်းဆောင်ရွက်ဆဲဖြစ်သော ကုမ္ပဏီဖြစ်ပါက ယင်းကုမ္ပဏီ၊

(ခ) လုပ်ငန်းရပ်စဲထားပြီး ဖျက်သိမ်းထားခြင်းမရှိသည့်ကုမ္ပဏီဖြစ်ပါက -

(၁) ဥက္ကဋ္ဌ၊

(၂) မန်နေဂျင်းဒါရိုက်တာ၊

(၃) ဒါရိုက်တာအဖွဲ့ဝင်များ၊

(၄) အထွေထွေမန်နေဂျာ၊

(၅) ကုမ္ပဏီကိုယ်စားစီမံခန့်ခွဲမှုဆောင်ရွက်သူ၊

(ဂ) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်ပုဂ္ဂိုလ်၊

(ဃ) ယုံမှတ်အပ်နှံမှုဖြစ်ပါက ယုံမှတ်အပ်နှံခြင်းခံရသူ၊

(င) အစုစပ်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စုဖြစ်ပါက ယင်းပုဂ္ဂိုလ်စု၏ ကိုယ်စား ရငွေပေးငွေများကို စာရင်းပြုစုရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်၊

(စ) နိုင်ငံသားဖြစ်စေ နိုင်ငံခြားသားဖြစ်စေ ပြည်ပတွင်နေထိုင်သူဖြစ်ပါက နိုင်ငံတော်အတွင်းရှိ ယင်းပုဂ္ဂိုလ်ပိုင်ဆိုင်သော လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ မန်နေဂျာ သို့မဟုတ် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်သူ၊

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦးတွင် ကိုယ်စားပြုသူ နှစ်ဦး သို့မဟုတ် ယင်းထက် ပိုမိုထားရှိပါက ယင်းကိုယ်စားပြုသူအားလုံး၊

(ဇ) ဖျက်သိမ်းပြီးကုမ္ပဏီများ ဖြစ်ပါက -

(၁) ကုမ္ပဏီဖျက်သိမ်းချိန်မတိုင်မီ တစ်နှစ်အတွင်း အစုရှယ်ယာရှင်များ၊

(၂) ကုမ္ပဏီအား တရားစွဲဆိုသည့်အကြောင်းခြင်းရာသည် ကုမ္ပဏီဖျက်သိမ်းချိန်တွင်ရှိသည့် အစုရှယ်ယာပိုင်ရှင်များနှင့် ကွဲပြားသည့် အစုရှယ်ယာပိုင်ရှင်များ၏ ပိုင်ဆိုင်မှုအောက်ရှိ အချိန်ကာလအတွင်း ပေါ်ပေါက်သည့်ကိစ္စရပ်ဖြစ်ပါက ယင်းအစုရှယ်ယာရှင်များ၊

(ဈ) အခွန်ထမ်းသေဆုံးခြင်း၊ အခွန်ထမ်း၏ပိုင်ဆိုင်မှုကို ကြွေးမြီဖြင့် သိမ်းဆည်းခံရခြင်း ဖြစ်ပါက အခွန်ထမ်း၏ပိုင်ဆိုင်မှုကို စီမံဆောင်ရွက်သူ၊ ကိုယ်စားပြုဆောင်ရွက်သူ ၊ ယုံမှတ်

အပ်နှံခြင်းခံရသူ၊ အခွန်စည်းကြပ်ထိုက်သည့် လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သူ သို့မဟုတ် ရပ်စဲရေးဆောင်ရွက်သူ၊

(ည) အပေါင်ခံထားသည့် မြေယာ သို့မဟုတ် အခြားပစ္စည်းများကို အသုံးပြု၍ အခွန်ကျသင့်သည့်လုပ်ငန်းဆောင်ရွက်မှု ရှိပါက ယင်းအပေါင်ခံသူ။

## အခန်း (၅)

## အထွေထွေ

၂၂။ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန် ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၂၃။ တရားစွဲဆိုခြင်းနှင့် စပ်လျဉ်းသည့် သက်သေခံအထောက်အထား၊ စာရွက်စာတမ်းများကို အခွန်ထမ်း၏ မူလဖိုင်တွဲမှ သီးခြားခွဲ၍ လျှို့ဝှက်အဆင့်သတ်မှတ်ပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိက လုံခြုံစွာ ထိန်းသိမ်းထားရှိရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊စဘ/ဘဏ္ဍာ-၂/၁/၂၅၄(၂၄၇/၂၀၂၄ )
ရက်စွဲ ၊၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိဌာနနှင့်အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် ။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

အမိန့်အရ

(သန်းသန်းလင်း )

ဒုတိယဝန်ကြီး

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**အခွန်ရှောင်တိမ်းခြင်းအား မှန်ကန်ပြည့်စုံစွာထုတ်ဖော်ရန် အကြောင်းကြားစာ**
**(အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇)**

စာအမှတ်၊ ------------------------------------------

ရက် စွဲ ၊ ------------------------------------------

သို့

အခွန်ထမ်းအမည် ---------------------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) -------------------

လိပ်စာ -----------------------------------------------------

------------------------------------------------------------------

၁။ ---------------------------- အနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ အခွန်ရှောင်တိမ်းခြင်းဟု မှတ်ယူနိုင်သည့် အောက်ပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများ ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က)

(ခ)

(ဂ)

၂။ သို့ပါ၍ အထက်အပိုဒ် ၁ ပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား ---------------- ရက်နေ့ နောက်ဆုံးထား၍ မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရန် အကြောင်းကြားပါသည်။

၃။ မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရန် အခွင့်အရေးပေးသည့်တိုင် သတ်မှတ်ရက်အတွင်း ထုတ်ဖော်ခြင်း သို့မဟုတ် အပြည့်အစုံထုတ်ဖော်ခြင်း မပြုပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ တရားစွဲဆိုခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခုနစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းနှင့် သက်ဆိုင်ရာကာလအတွက် ရှောင်တိမ်းခဲ့သည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏတို့အနက်များရာ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

တာဝန်ခံအရာရှိ

ရုံးတံဆိပ်

လက်မှတ် ------------------------------

အမည် ------------------------------

ရာထူး ------------------------------

ရုံး ------------------------------

မိတ္တူကို

ရုံးလက်ခံ

နောက်ဆက်တွဲ(ခ)

| |
|---|
| ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။ |

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ အခွန်ရှောင်တိမ်းခြင်းအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်အား တိုးမြှင့်သတ်မှတ်ပေးပါရန် လျှောက်လွှာ**

ရက်စွဲ ၊ ------------------------------

သို့

တာဝန်ခံအရာရှိ
ပြည်တွင်းအခွန်များဦးစီးဌာန
---------------------------------------------------- ရုံး

၁။ ကုမ္ပဏီ/ကျွန်တော်/ကျွန်မ ------------------------၊ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) --------------- သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ အခွန်ရှောင်တိမ်းမှုဟု မှတ်ယူနိုင်သည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန် ပြည့်စုံစွာ ထုတ်ဖော်ရန် ( - - ၂၀ ) ရက်နေ့ နောက်ဆုံးထား၍ တင်ပြရမည်ဖြစ်ပါသည်။

၂။ သို့ရာတွင် ကုမ္ပဏီ/ကျွန်တော်/ကျွန်မသည် အောက်ပါအကြောင်းအရာများကြောင့် အခွန်ရှောင်တိမ်းမှုဟု မှတ်ယူနိုင်သည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ခြင်းအား အချိန်မီတင်သွင်းနိုင်ခြင်းမရှိပါသဖြင့် တင်သွင်းရမည့်နေ့ရက်အား ( - - ၂၀ ) ရက်နေ့သို့ တိုးမြှင့်ပေးနိုင်ပါရန် တင်ပြလျှောက်ထားအပ်ပါသည်-

--------------------------------------------------------------------------------
--------------------------------------------------------------------------------
--------------------------------------------------------------------------------
--------------------------------------------------------------------------------

လက်မှတ် ----------------------------
အမည် ----------------------------
တာဝန် ----------------------------
ဖုန်း၊ e-mail၊ လိပ်စာ ----------------------------
--------------------------------------------
--------------------------------------------

ရုံးတံဆိပ်

--------------------------------------------------------------------------------

**လက်ခံရရှိကြောင်းဖြတ်ပိုင်း**

အခွန်ထမ်း ကုမ္ပဏီ/ဦး/ဒေါ် ------------------------၊ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) ------------------ အတွက် အခွန်ရှောင်တိမ်းမှုဟု မှတ်ယူနိုင်သည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက် သို့မဟုတ် လိုက်နာဆောင်ရွက်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်လွှာ (၁)စောင်ကို ဦး/ဒေါ်-------------------------------- ထံ မှ လက်ခံရရှိပါသည်။ ဝင်စာမှတ်ပုံတင်အမှတ် ------------------ ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

လက်မှတ် ---------------------------
အမည် ---------------------------
ရာထူး ---------------------------
ရုံး ---------------------------

ရက်စွဲ၊ ----------------------------

နောက်ဆက်တွဲ(ဂ)

| |
|---|
| ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။ |

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ အခွန်ရှောင်တိမ်းခြင်းအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်အား တိုးမြှင့်သတ်မှတ်ပေးပါရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြန်ကြားစာ**

စာအမှတ်၊ ------------------------------------------

ရက် စွဲ ၊ ------------------------------------------

သို့

အခွန်ထမ်းအမည် --------------------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) ------------------

လိပ်စာ ------------------------------------------------------

------------------------------------------------------------------

၁။ လူကြီးမင်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၇ အရ အခွန်ရှောင်တိမ်းမှုဟု မှတ်ယူနိုင်သည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများ ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပြီး ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရန် (    -    -၂၀    ) ရက်နေ့တွင် လျှောက်ထားခဲ့ပါသည်။

၂။ လူကြီးမင်း၏ လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

- ☐ တင်ပြချက်များအား လုံလောက်သောအကြောင်းအရင်းအဖြစ် လက်ခံပါသည်။ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား (    -    -၂၀    ) ရက်နေ့တွင် နောက်ဆုံးထား၍ မှန်ကန်ပြည့်စုံစွာ တင်သွင်းရန် အကြောင်းကြားပါသည်။
- ☐ တင်ပြချက်များအား လုံလောက်သောအကြောင်းအရင်းအဖြစ် လက်ခံနိုင်ခြင်းမရှိပါသဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်ကို တိုးမြှင့်ပေးရန် ခွင့်မပြုပါ။ သတ်မှတ်ရက်တွင်သာတင်သွင်းရန် အကြောင်းကြားပါသည်။

ရုံးတံဆိပ်

တာဝန်ခံအရာရှိ

လက်မှတ် ----------------------------

အမည် ----------------------------

ရာထူး ----------------------------

ရုံး ----------------------------

မိတ္တူကို

ရုံးလက်ခံ

နောက်ဆက်တွဲ(ဃ)

| |
|---|
| ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။ |

**အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအား**
**မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရန် အကြောင်းကြားစာ**
**[အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ(ခ)]**

စာအမှတ်၊ ------------------------------------------

ရက် စွဲ ၊ ------------------------------------------

သို့

အခွန်ထမ်းအမည် ------------------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) ------------------

လိပ်စာ ------------------------------------------

------------------------------------------

၁။ -------------------- အနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈ ပုဒ်မခွဲ (ခ) အရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအား အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က)

( ခ )

( ဂ )

၂။ သို့ပါ၍ အထက်အပိုဒ် ၁ ပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား --------------- ရက်နေ့ နောက်ဆုံးထား၍ မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရန် အကြောင်းကြားပါသည်။

၃။ မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရန် အခွင့်အရေးပေးသည့်တိုင် သတ်မှတ်ရက်အတွင်း ထုတ်ဖော်ခြင်း သို့မဟုတ် အပြည့်အစုံထုတ်ဖော်ခြင်း မပြုပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (က)အရ တရားစွဲဆိုခံရမည်ဖြစ်ပြီး အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက်ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန်အားထုတ်ခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းငါးသောင်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခံရဖွယ်ရှိကြောင်း အသိပေးအကြောင်းကြားပါသည်။

တာဝန်ခံအရာရှိ

ရုံးတံဆိပ်

လက်မှတ် ----------------------------

အမည် ----------------------------

ရာထူး ----------------------------

ရုံး ----------------------------

မိတ္တူကို

ရုံးလက်ခံ

| |
|---|
| ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။ |

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ(ခ)အရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်အား တိုးမြှင့်သတ်မှတ်ပေးပါရန် လျှောက်လွှာ**

ရက်စွဲ ၊ --------------------------------

သို့

တာဝန်ခံအရာရှိ

ပြည်တွင်းအခွန်များဦးစီးဌာန

------------------------------------------------------- ရုံး

၁။ ကုမ္ပဏီ/ကျွန်တော်/ကျွန်မ -------------------------၊ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) ---------------- သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ) အရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရန် ( - - ၂၀ ) ရက်နေ့ နောက်ဆုံးထား၍ တင်ပြရမည်ဖြစ်ပါသည်။

၂။ သို့ရာတွင် ကုမ္ပဏီ/ကျွန်တော်/ကျွန်မသည် အောက်ပါအကြောင်းအရာများကြောင့် အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ခြင်းအား အချိန်မီတင်သွင်းနိုင်ခြင်းမရှိပါသဖြင့် တင်သွင်းရမည့်နေ့ရက်အား ( - - ၂၀ ) ရက်နေ့သို့ တိုးမြှင့်ပေးနိုင်ပါရန် တင်ပြလျှောက်ထားအပ်ပါသည်-

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

လက်မှတ် --------------------------------

အမည် --------------------------------

တာဝန် --------------------------------

ဖုန်း၊ e-mail၊ လိပ်စာ --------------------------------

--------------------------------------------------------

--------------------------------------------------------

ရုံးတံဆိပ် --------------------------------------------------------------------------------

**လက်ခံရရှိကြောင်းဖြတ်ပိုင်း**

အခွန်ထမ်း ကုမ္ပဏီ/ဦး/ဒေါ် -------------------------၊ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) --------------------- အတွက် အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်လွှာ (၁)စောင်ကို ဦး/ဒေါ်------------------------------------ ထံ မှ လက်ခံရရှိပါသည်။ ဝင်စာမှတ်ပုံတင်အမှတ် -------------------- ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

လက်မှတ် ----------------------------

အမည် ----------------------------

ရာထူး ----------------------------

ရုံး ----------------------------

ရက်စွဲ၊ ----------------------------

နောက်ဆက်တွဲ(စ)

| |
|---|
| ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။ |

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ(ခ) အရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်အား တိုးမြှင့်သတ်မှတ်ပေးပါရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြန်ကြားစာ**

စာအမှတ်၊ ------------------------------------------

ရက် စွဲ ၊ ------------------------------------------

သို့

အခွန်ထမ်းအမည် ---------------------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) -------------------

လိပ်စာ ------------------------------------------------------

-----------------------------------------------------------------

၁။ လူကြီးမင်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ) အရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားစေသည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပြီး ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရန် ( - -၂၀ ) ရက်နေ့တွင် လျှောက်ထားခဲ့ပါသည်။

၂။ လူကြီးမင်း၏ လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

☐ တင်ပြချက်များအား လုံလောက်သောအကြောင်းအရင်းအဖြစ် လက်ခံပါသည်။ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ( - -၂၀ ) ရက်နေ့တွင် နောက်ဆုံးထား၍ မှန်ကန်ပြည့်စုံစွာ တင်သွင်းရန် အကြောင်းကြားပါသည်။

☐ တင်ပြချက်များအား လုံလောက်သောအကြောင်းအရင်းအဖြစ် လက်ခံနိုင်ခြင်းမရှိပါသဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုများအား မှန်ကန်ပြည့်စုံစွာ ထုတ်ဖော်ရမည့်ရက်ကို တိုးမြှင့်ပေးရန် ခွင့်မပြုပါ။ သတ်မှတ်ရက်တွင်သာ တင်သွင်းရန် အကြောင်းကြားပါသည်။

ရုံးတံဆိပ်

တာဝန်ခံအရာရှိ

လက်မှတ် -----------------------------

အမည် -----------------------------

ရာထူး -----------------------------

ရုံး -----------------------------

မိတ္တူကို

ရုံးလက်ခံ

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၅၊ ပုဒ်မခွဲ (ဂ) အရ မပေးဆောင်သည့်အခွန်ကို မပြေကျန်ငွေနှင့် ပျက်ကွက်သူအဖြစ်သတ်မှတ်ကြောင်း**

**အကြောင်းကြားစာ**

စာအမှတ်၊ ------------------------------------------

ရက် စွဲ ၊ ------------------------------------------

သို့

အခွန်ထမ်းအမည် ------------------------------------------------

အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) ------------------------

လိပ်စာ ----------------------------------------------------------

-----------------------------------------------------------------

လူကြီးမင်းထံသို့ (ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်) အခွန်ပေးဆောင်ရန်အကြောင်းကြားစာကို ------------------- ရက်နေ့က ပေးပို့ထားခဲ့ပြီး ပေးဆောင်ရမည့်သတ်မှတ်ရက် ကျော်လွန်နေပြီဖြစ်သော်လည်း ပေးဆောင်ရမည့်အခွန် ငွေကျပ် ---------------------------------- ကို ပေးဆောင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။ အဆိုပါအခွန်ငွေနှင့် ဒဏ်ကြေးငွေအား အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၅၊ ပုဒ်မခွဲ (ဂ)အရ မပေးဆောင်သည့် အခွန်ကို မပြေကျန်ငွေအဖြစ် လည်းကောင်း အခွန်ပေးဆောင်ရန်ပျက်ကွက်သည့်လူကြီးမင်းအား ပျက်ကွက်သူအဖြစ်လည်းကောင်း သတ်မှတ်ပါသည်။ ၎င်းမပြေကျန်ငွေပမာဏကို ------------------------ မြို့ရှိ -------------------------ဘဏ်၊ ဘဏ်ခွဲ ( )၊ ဘဏ်စာရင်းအမှတ် MD --------------------- သို့ ငွေသွင်းချလန်ဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းလမ်းဖြင့်ဖြစ်စေ ဤအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရန် အကြောင်းကြားပါသည်။ သတ်မှတ်ရက်အတွင်း ပေးဆောင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၅၂ အရ အရကောက်ခံမှုနည်းလမ်းများအား ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကြောင်းကြားပါသည်။

| အမှတ်စဉ် | စည်းကြပ်နှစ်/ ဝင်ငွေနှစ် | အခွန်မပြေကျန်ငွေ | | | | | | | | | စုစုပေါင်း အခွန်မပြေကျန်ငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်သွယ်လုပ်ငန်းခွန် | | | အထူးကုန်စည်ခွန် | | | ဝင်ငွေခွန် | | | |
| | | အခွန်ပမာဏ | ဒဏ်ကြေး | အတိုး | အခွန်ပမာဏ | ဒဏ်ကြေး | အတိုး | အခွန်ပမာဏ | ဒဏ်ကြေး | အတိုး | |
| | | | | | | | | | | | |
| | | | | | | | | | | | |

တာဝန်ခံအရာရှိ

ရုံးတံဆိပ်

လက်မှတ် ----------------------------

အမည် ----------------------------

ရာထူး ----------------------------

ရုံး ----------------------------

မိတ္တူကို

ရုံးလက်ခံ

**မှတ်ချက်။** တာဝန်ခံအရာရှိ လက်မှတ်ရေးထိုးပါက "အမိန့်အရ" ဟုဖော်ပြရန်။ (တာဝန်ခံအရာရှိဆိုရာတွင် အမိန့်ကြော်ငြာစာအမှတ် ၂၃၅/၂၀၂၂ အရ ညွှန်ကြားရေးမှူးချုပ်မှ တာဝန်လွှဲအပ်ထားသူကိုဆိုသည်)။

| |
|---|
| ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။ |

**အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတရားရုံးတွင် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားစာ**

စာအမှတ်၊ -------------------------------------------

ရက် စွဲ ၊ -------------------------------------------

သို့

အခွန်ထမ်းအမည် ------------------------------------------------
အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/GIR) -------------------------
လိပ်စာ -------------------------------------------------------------
-----------------------------------------------------------------------

၁။ လူကြီးမင်းသည် ၂၀ - ၂၀ ဘဏ္ဍာနှစ်၊ ------------ စည်းကြပ်မှုအတွက် စည်းကြပ်မှုအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ရက်အတွင်း ပေးသွင်းရန်ပျက်ကွက်ခဲ့သဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၅ အရ အခွန်ပေးဆောင်ရန် အကြောင်းကြားစာ [ပတခ( )-၀၄-၀၉] ကို ------------- ရက်နေ့တွင် လည်းကောင်း၊ မပေးဆောင်သည့်အခွန်ငွေစုစုပေါင်း ---------------------------- အတွက် ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ဂ) အရ မပြေကျန်ငွေနှင့် ပျက်ကွက်သူအဖြစ်သတ်မှတ်၍ ပုဒ်မ ၅၂ အရ မပြေကျန်ငွေအတွက် အရကောက်ခံမှုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးစာအား --------------- ရက်နေ့တွင်လည်းကောင်း ပေးပို့ခဲ့ပြီးဖြစ်သော်လည်း ဆက်လက်ပျက်ကွက်နေပါ၍ လူကြီးမင်းအား အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ)အရ ------------------ မြို့နယ်တရားရုံးတွင် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ရုံးတံဆိပ်

တာဝန်ခံအရာရှိ

လက်မှတ် ----------------------------
အမည် ----------------------------
ရာထူး ----------------------------
ရုံး ----------------------------

မိတ္တူကို

ရုံးလက်ခံ

**မှတ်ချက်။** တာဝန်ခံအရာရှိ လက်မှတ်ရေးထိုးပါက "အမိန့်အရ" ဟုဖော်ပြရန်။ (တာဝန်ခံအရာရှိဆိုရာတွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၅/၂၀၂၁ အရ ညွှန်ကြားရေးမှူးချုပ်မှ တာဝန်လွှဲအပ်ထားသူကိုဆိုသည်)။